# How to bring electricity to our village?
# ရွာတွေဘယ်တော့မီးလင်းမလဲ?

SEG I

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ရွာပေါင်း ၆၀၁၁ ရွာရှိပါတယ် ။ ဓါတ်အားစနစ်ကို ရာခိုင်နှုန်းအားဖြင့် တိုင်းရဲ့ ကျေးရွာ၂၈ % ကမီးလင်းပြီးဖြစ်ပါတယ်။ အိမ်ထောင်စုဦးရေ ၁၁ သိန်းလောက်မှာ ၃ သိန်းခွဲကတော့ နိုင်ငံတော်ဓါတ်အားစနစ်ကနေ ဓါတ်အားရရှိပြီးဖြစ်ပါတယ်။ စုစုပေါင်း အိမ်ထောင်စုဦးရေ ၃၅%ကတော့ ဓါတ်အားစနစ်ကနေ ဓါတ်အား ရရှိပြီးဖြစ်ပါတယ်။"

**ဦးမျိုးသန့်ထွန်း (ဒု- အင်ဂျင်နီယာချုပ်၊ စစ်ကိုင်းတိုင်းလျှပ်စစ်ဓါတ်အားဖြန့်ဖြူး ရေး )**

---

"လျှပ်စစ်ဓါတ်အားနဲ့ပက်သက်လို့ ကျေးရွာမီးလင်းရေးကော်မတီဆိုတာ ကျေးရွာအလိုက် ဆောင်ရွက်ထားတာ ရှိပါတယ်။ အတော်များများကတော့ ပုံမှန်လည်ပတ်နိုင်ပြီးတော့ ဂုဏ်ယူလောက်စရာတွေရှိပါတယ်။ သို့သော် တချို့တချို့သောနေရာတွေမှာကျတော့လည်း အဂတိလိုက်စားမှုတွေရှိပါတယ်။ မကျေနပ်လို့တိုင်ကြားတဲ့ အချက်အလက်လေးတွေက ရှိပါတယ်။"

**ဦးကျော်ဆန်း၊ ဥက္ကဌ (စက်မှုလက်မှုစွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာကော်မတီ။ စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်)**

---

"လျှပ်စစ်မီးရရင် ထမင်းချက်တဲ့နေရာမှာ ထင်း၊မီးသွေးနဲ့သုံးတာတွေလျော့ချနိုင်မယ်။ ထင်းမီးသွေး မသုံးတော့ရင် လယ်သမားတွေရဲ့ဘဝတိုးတက်ရုံတင်မကဘူး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့သစ်တော သစ်ပင်ပြုန်း တီးမှုတွေပါ လျော့လာမှာဖြစ်တယ်။ ကျေးလက်တွေမှာ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရင် အကောင်းဆုံးဖြစ်မှာပါ"

**ဦးဆွေဝင်း၊ ဥက္ကဌ (တောင်သူလယ်သမားသမဂ္ဂ ၊ စစ်ကိုင်းတိုင်း)**

---

## SEG II

"၂၀၁၆-၁၇ မှာ စစ်ကိုင်းတိုင်းရဲ့ ရွာပေါင်း ၂၄၀ကို ဆိုလာနဲ့ မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၁၈ အတွက်တော့ ရွာပေါင်း ၁၃၃ ရွာကို Solar Home System (တစ်အိမ်သုံးဆိုလာနဲ့ အိမ်တွင်းမီး၅ ပွင့်ပါမယ်။ TV လေးနာရီကြည့်လို့ ရမယ် တယ်လီဖုန်းအားသွင်းလို့ ရမယ်) နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထူးခြားတာကတော့ ပြည်သူလူထုက ထည့်ဝင်ရတဲ့ငွေလည်းရှိတယ်။"

**အထူးဧည့်သည်တော်။ ဦးဝင်းမျိုးကျော်(ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**

---

## SEG III

"၂၀၀၂ လောက်ကတည်းကစပြီး ကိုယ်ထူကိုယ်ထလင်းခဲ့တယ်။ ထရန်စဖော်မာကျဖို့ လိုင်းကြိုးသွယ်တန်းတာတွေလည်း ကိုယ့်ဘာသာကိုယ်လုပ်ခဲ့ရတယ်။ ဒီ့အပြင် အစိုးရတရားဝင် မီတာကျဖို့ အဲ့ဒီခေတ်က ရွှေတကျပ်သားဖိုး တစ်သိန်းခွဲ မြို့နယ်ကို လျှပ်စစ်မီးလင်းရေးကော်မတီကတဆင့် လျှောက်ထားတာရှိတယ်။ ခုချိန်ထိလည်း ကျမလာသေးဘူး။ ဒီကိစ္စနဲ့ ပက်သက်ပြီး မြို့နယ်လျှပ်စစ်ရုံးမှာလည်း တာဝန်ရှိတယ် ။ မီးလင်းရေး ကော်မတီတွေမှာလည်းတာဝန်ရှိတယ်။ အဂတိလိုက်စားမှုတွေရှိနေတယ်လို့ ထင်တယ်။ "

ပရိသတ် ဒေါ်စန္ဒာ (လက်ပတောင်းအုပ်စု အလယ်တောရွာသူ)

---

"မုံရွာတဖက်ကမ်း ဆားလင်းကြီး ကြေးနီစီမံကိန်းမှာ တစ်နှစ်လုံးနေလို့ မီးတစ်ခါမှမပျက်ဖူးဘူး။ ခုဆိုခုနစ်နှစ်ရှိသွားပြီ။ ကျနော်တို့ ကျေးရွာ တွေမှာ မြို့ ၊ စက်မှုဇုန်တွေမှာ တစ်နေ့ကို ၆ခါ ၇ခါပျက်တယ်။ တစ်နေ့လုံးမလာတဲ့နေ့ တွေလည်းရှိတယ်။ လျှပ်စစ်မီးမှာရော အခွင့်ထူးခံလူ တန်းစားရှိပါသလား မေးချင်ပါတယ်"

ပရိသတ် - ကိုဗထူး

---